# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၁၂

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

| | | |
|---|---|---|
| (ဓ) | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ကိုယ်စားလှယ် (၁)ဦး<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) | အဖွဲ့ဝင် |
| (ပ) | ကိုယ်စားလှယ် (၁)ဦး<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (ဘ) | အမျိုးသားကော်မတီဝင်<br>အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများက<br>ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (မ) | အမျိုးသားကော်မတီဝင်<br>စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက<br>ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ယ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၁) |

(ရ) ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး (၂)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(လ) ဒုတိယညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး (၁)
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဝ) အထွေထွေအတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး (၂)
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့နှင့် ဆပ်ကော်မတီတို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုနှင့် ဦးစားပေးခံရမှုသေချာစေရေး ဆောင်ရွက်ခြင်း၊

(င) အရေးပေါ်အခြေအနေများတွင် ရောက်ရှိနေသော မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်ချက်တို့ကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်တို့တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အစိုးရနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ဖွင့်လှစ်လျက်ရှိသော သင်တန်းအစီအစဉ်များတွင် မသန်စွမ်းသူများ တက်ရောက်သင်ယူခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများအား ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားရေး ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို လေ့လာစောင့်ကြည့်ခြင်း၊

(ည) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လုပ်ငန်းခွင်ဖန်တီးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဋ) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်မှုတို့ကို ကြီးကြပ်လမ်းညွှန်ခြင်း၊

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၈.၆.၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ)

အောင်ထွန်းခိုင်

အတွင်းရေးမှူး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

စာအမှတ်၊ ၂-၄ /၁၀၅ (မသန်စွမ်း) / ၆၄၃၉

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်အားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။